# P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်

P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်ထိပ်သို့

## 1 အရေးပေါ်ဖြစ်ပွားစဥ်

### 1-7 အခြားသောအရေးပေါ်အခြေအနေ(ပစ္စည်းပျောက်ဆုံးမှုအစရှိသော)

#### (1)နိုင်ငံကူးလက်မှတ်ပျောက်ဆုံးလျှင်

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါကနီးစပ်ရာရဲစခန်းတွင်"ပျောက်ဆုံးကြောင်းထောက်ခံစာ"ရယူပါ။ထိုနောက်မိမိနိုင်ငံ၏သံရုံး(သို့) ကောင်စစ်ဝန်ရုံးတွင် နိုင်ငံကူးလက်မှတ်ထပ်မံထုတ်ယူရန်ဆောင်ရွက်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင်ရဲစခန်းမှထောက်ခံစာ နံပါတ်လိုအပ်သောကြောင့် ၎င်းနံပါတ်ကိုမှတ်သားပြီးအကြောင်းကြားရန်။

#### (2)နေထိုင်ခွင့်ကတ်နှင့် အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာပျောက်ဆုံးလျှင်

နေထိုင်ခွင့်ကတ်နှင့်အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာတွင်ကိုယ်ရေးကိုယ်တာ အချက်အလက်များ ရေးသားထားသဖြင့် မသမာသူများ လက်ထဲရောက်သွားပါကအလွဲသုံးစားမှုဖြစ်နိုင်သည်။ ထို့ကြောင့်ပျောက်ဆုံးသွားပါချက်ချင်းရဲစခန်းသို့ အကြောင်းကြားပြီး ပျောက်ဆုံးသည့်ရက်မှ ၁၄ရက်အတွင်း နေထိုင်ခွင့်ကတ်ဖြစ်ပါက လူဝင်မှုကြီးကြပ်ရေးရုံး၊ အထူးရာသက်ပန် နေထိုင်ခွင့် ထောက်ခံစာ ဖြစ်ပါကနေထိုင်သည့်မြို့နယ်ရုံးသို့ အကြောင်းကြား၍ ထပ်မံထုတ်ယူရန် ဆောင်ရွက်ရမည်။

နေထိုင်ခွင့်ကတ်နှင့်အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာသည် အက်ကွဲ၊ပျက်စီးသွားပါက အသစ်လျှောက်ရမည်။ ယခုကိုင်ဆောင်ထားသော နေထိုင်ခွင့်ကတ်ကို လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း၊ အထူးရာသက်ပန် နေထိုင်ခွင့် ထောက်ခံစာကို မြို့နယ်ရုံးသို့လည်းကောင်း ရယူဆောင်သွားပြီးအသစ်ထပ်မံလျှောက်ရမည်ဖြစ်သည်။ (A နေထိုင်ခွင့်စနစ်သစ်နှင့် နိုင်ငံခြားသားနေထိုင်သူအခြေခံစာရင်းစနစ် 5-1 နေထိုင်ခွင့်ကတ်၊ အထူရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာထပ်မံထုတ်ယူခြင်း တွင်ကြည့်ရန်)

#### (3) ငွေကြေးဆိုင်ရာကတ်များပျောက်ဆုံးလျှင်

ဘဏ်ကတ်ပျောက်ဆုံးပါက သိသိချင်း နီးစပ်ရာရဲစခန်းတွင် ပျောက်ဆုံးကြောင်းထောက်ခံစာထုတ်ယူပါ။ ထိုနောက်ဘဏ်(သို့)ငွေကြေးကတ်ကုမ္ပဏီသို့ ဆက်သွယ်ပြီး ကတ်အသုံးပြုခွင့်ကို ပိတ်ပင်ထားပါ။

#### (4)ပစ္စည်းမေ့ခဲ့လျှင် ပြုတ်ကျခဲ့လျှင်

နီးစပ်ရာရဲစခန်းသို့ အကြောင်းကြားဆက်သွယ်ပါ။ ရထားနှင့်ဘတ်စကားပေါ်တွင်ပစ္စည်းမေ့ပြုတ်ကျကျန်ရစ်ခဲ့ပါက ရထားဝန်ထမ်း၊ ဘတ်စကားကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်ပါ။ ရဲစခန်းသို့အကြောင်းကြားထားသော ပစ္စည်းများသည် သက်ဆိုင်ရာရဲစခန်းအလိုက် စာရင်းသွင်း ထိန်းသိမ်းထားပါသည်။ ကာယကံရှင်က ၃လအတွင်း လာမယူပါက လာအပ်ထားသူကပိုင်ဆိုင်ခွင့်ရသွားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်ပစ္စည်းကျကျန်ခဲ့ပါက တတ်နိုင်သလောက်စောလျင်စွာရဲစခန်းတွင်မေးမြန်းရပါမည်။